# မှတ်ပုံတင်လက်မှတ်စိစစ်ရေးလုပ်ငန်းကော်မတီ၏ တာဝန်များ

(၁) လုပ်ငန်းကော်မတီသည် အောက်ပါမှတ်ပုံတင်လုပ်ငန်းများကို အလုပ်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပေးနိုင်သည်။

(ကက) အလုပ်သင်နည်းပညာကျွမ်းကျင်သူလက်မှတ်

(ခခ) အလုပ်သင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ်

(ဂဂ) အလုပ်သင်အင်ဂျင်နီယာလက်မှတ်

(ဃဃ) မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူလက်မှတ်

(ငင) မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူလက်မှတ်

(စစ) မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်

(ဆဆ) မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ်

(ဇဇ) မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်လက်မှတ်

(ဈဈ) မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာလက်မှတ်

(ညည) မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်

(၂) လုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးအတွက် အောက်ပါလုပ်ငန်းတာဝန်များ ဆောင်ရွက်ရမည်-

(ကက) ဖွံ့ဖြိုးရေးအစီအမံသင်တန်းအတွက် သက်ဆိုင်ရာလုပ်ငန်း ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခခ) ဆန်းစစ်ချက်ရေးဖြေစာမေးပွဲ ကျင်းပစစ်ဆေးခြင်း၊

(ဂဂ) အတွေ့အကြုံနှင့် အရည်အသွေးပြည့်ဝမှုအစီရင်ခံစာများ စိစစ်ခြင်း၊

(ဃဃ) လူတွေ့စစ်ဆေးမှုပြုလုပ်ခြင်း၊

(၃) မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် သတ်မှတ်ထားသော အရည်အသွေးမပြည့်မီဟုလည်းကောင်း၊ လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ဟုလည်းကောင်း၊ လုပ်ငန်းကော်မတီက ယူဆရန် အကြောင်းခိုင်လုံလျှင် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ဆိုင်းငံ့ခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း ပြုလုပ်ရန် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြနိုင်သည်။

(၄) လုပ်ငန်းကော်မတီသည် အောက်ပါအကြောင်းအချက် တစ်ရပ်ရပ်ကြောင့် ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုရန် အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြနိုင်သည်-

(ကက) မှတ်ပုံတင်လက်မှတ်ရရှိရေးအတွက် ဘွဲ့၊ ဒီပလိုမာလက်မှတ်အတုများ တင်ပြခဲ့ကြောင်းစိစစ်တွေ့ရှိရခြင်း၊

(ခခ) ကောင်စီက ထိုသူအား ဆက်သွယ်၍မရခြင်း၊

(ဂဂ) တစ်ဆက်တစ်စပ်တည်း ၅ နှစ်နှင့်အထက် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးလျှောက်ထားရန် ပျက်ကွက်ခြင်း၊

(၅) လုပ်ငန်းကော်မတီသည် မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခံရသူက မှတ်ပုံတင်ပယ်ဖျက်ခံရပြီးနောက် ၃ နှစ်နှင့်အထက် ကျော်လွန်သောကာလတွင် မှတ်ပုံတင်အသစ် ပြန်လည်လျှောက်ထားလာပါက ကောင်စီက ခွင့်ပြုလျှင် မှတ်ပုံတင်ခြင်းလုပ်ငန်းအဆင့်ဆင့်ကို အစမှ ပြန်လည်စတင်ဆောင်ရွက်ရေး ခွင့်ပြုပေးနိုင်သည်။

(၆) လုပ်ငန်းကော်မတီသည် အခြေအနေအချိန်ကာလအားလျော်စွာ လိုအပ်သော စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ကောင်စီသို့ တင်ပြနိုင်သည်။